# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

April 27 , 2023 Volume 65, Number 13

၂၇.၄.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၀၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၇၃ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၃.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၃.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၂.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၄.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၆၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၃၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၃၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၂၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၀၆၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု တစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၅ ရက်မှ ၂၁ ရက်နေ့အတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ဖရဲသီး၊ နှမ်းညို၊ နှမ်းနက်၊ ဆန်ကွဲနှင့် ရွှေဖရုံသီးများ တင်ပို့ခဲ့ပြီး ပို့ကုန်၏ ငွေပမာဏမှာ ၈၂၃၈၃၃၉.၀၄ ကန်ဒေါ်လာ တင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၈ ရက်မှ ၁၄ ရက်နေ့ထိ တင်ပို့ကုန်၏ ငွေပမာဏ ၆၈၅၉၅၉၈.၈၁ ကန်ဒေါ်လာနှင့် ကာလတူ တင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၁၃၇၈၇၄၀.၂၃ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ တင်ပို့မှုရှိခဲ့သည်ကိုတွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၅ ရက်မှ ၂၁ ရက်နေ့အတွင်း ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ချည်ထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သံနှင့် သံမဏိဆောက် လုပ်ရေးပစ္စည်းများ၊ ကုန်ထုတ်စက္ကူများ၊ စက်နှင့် စက်ပစ္စည်းများ၊ သားရေ/သားရေတုဖြင့် ပြုလုပ်သောပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ ရော်ဘာကုန်ကြမ်းပစ္စည်းများ၊ စက်ဘီးအပိုပစ္စည်းများ၊ သံပိုက်၊ ကားတာယာနှင့် မြက်ခင်းတုများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ငွေပမာဏတန်ဖိုးမှာ ၆၄၇၉၉၄.၆၀ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၈ ရက်မှ ၁၄ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏ ၆၇၄၅၃၆.၆၆ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏ နှိုင်းယှဉ်ပါက ၂၆၅၄၂.၀၆ ကန်ဒေါ်လာတန်ဖိုးလျော့နည်း၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့်တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၆၈၅၉၅၉၈.၈၁ ကန်ဒေါ်လာ ပိုမိုပြီး ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၂၉ယွမ် ဖြစ်ပြီး၊ ၁ ယွမ် လျှင် မြန်မာကျပ်ငွေ ၃၀၃.၉၅ ကျပ်ရှိကြောင်း သိရှိရပါသည်။

**Source: မနော်မြေကုန်သွယ်မှုဇုန်ဌာန**

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ၂၀ ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ နိုင်ငံရပ်ခြားပြပွဲအဖြစ် လာအိုနိုင်ငံတွင်ကျင်းပ



https://xinhuamyanmar.com

၂၀ ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ (CAEXPO) နှင့် တရုတ်နိုင်ငံ ကွမ်ရှီး (ကျွမ့်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပို့ကုန်ပြပွဲတို့၏ နိုင်ငံရပ်ခြားပြပွဲကို လာအိုနိုင်ငံ မြို့တော် ဗီယင်ကျန်း၌ ဧပြီ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲက လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ သန့်စင်သောစွမ်းအင် တီထွင်ဆန်းသစ်မှုများနှင့် ဆေးဘက်ဆိုင်ရာ ကိရိယာများနှင့် အခြားပစ္စည်းများ ပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်ရန် တရုတ်၊ လာအိုနှင့် ထိုင်းနိုင်ငံများမှ ကုမ္ပဏီ ၁၈၃ ခုကို ဆွဲဆောင်နိုင်ခဲ့သည်။

တရုတ်နိုင်ငံ ခေတ်မီအသွင်ပြောင်းခြင်းသည် တရုတ်နိုင်ငံနှင့်အခြားနိုင်ငံများရှိ ပြည်သူများကို အကျိုးကျေးဇူးရှိစေကြောင်း ဧပြီ ၂၄ ရက်၌ပြုလုပ်သော ဖွင့်ပွဲအခမ်းအနား၌ လာအိုနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ် Jiang Zaidong က ပြောကြားခဲ့သည်။

အဆိုပါပြပွဲသည် ကွမ်ရှီးဒေသအတွက် ၎င်းတို့၏ထုတ်ကုန်များအား လာအိုနိုင်ငံသို့ အရောင်းမြှင့်တင်ရန် အခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်း Jiang က ဆိုသည်။ ထိုပြပွဲသည် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၌အရေးပါကြောင်း လာအိုနိုင်ငံ စက်မှုလုပ်ငန်းနှင့်ကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီး Chansouk Sengphachanh က ပြောကြားခဲ့သည်။

**Source:** https://xinhuamyanmar.com/mm-en/ne-2304026007/

## ထိုင်းစက်မှုလက်မှုအသင်းချုပ် (The Federation of Thai Industries –FTI) က ၂၀၂၃ ခုနှစ်အတွင်း မော်တော်ကား ထုတ်လုပ်မှုအစီးရေ ၂ သန်းထိ ရောက်ရှိမည်ဟု ခန့်မှန်းထား

၂၀၂၃ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၌ လျှပ်စစ်ဓာတ်အားခမြင့်တက်မှုနှင့် ပြည်ပနိုင်ငံများတွင် ဘဏ်လုပ်ငန်းဆိုင်ရာပြဿနာများ ကြုံတွေ့နေသော်လည်း မော်တော်ကားထုတ်လုပ်မှုကို အစီးရေ ၂ သန်းထိ တိုးမြှင့်ထုတ်လုပ်နိုင်မည်ဟု ထိုင်းစက်မှုလက်မှု အသင်းချုပ် (The Federation of Thai Industries –FTI) က ခန့်မှန်းထားပါသည်။

ယင်းသို့ ခန့်မှန်းရခြင်းမှာ ပြည်ပသို့ မော်တော်ကားတင်ပို့နိုင်မှုမှာ ကြီးထွားလာသဖြင့် ထိုင်းနိုင်ငံ၏ မော်တော်ကား ထုတ်လုပ်မှုအတွက် လက္ခဏာကောင်းများဖြစ်ကြောင်း၊ ပြည်တွင်းဝယ်ယူမှုနှင့် ခရီးသွားလုပ်ငန်း ပြန်လည်ကောင်းမွန်လာ သောကြောင့်ဖြစ်ပါကြောင်း၊ ကားထုတ်လုပ်ရာတွင် အသုံးပြုရသည့် semiconductor များလည်း ရောက်ရှိလာသောကြောင့် ဖြစ်ပါကြောင်း FTI ၏ ဒုတိယဥက္ကဋ္ဌက ဆိုပါသည်။

၂၀၂၃ ခုနှစ် ပထမပတ်တွင် ပြည်ပသို့ တင်ပို့မည့် မော်တော်ကားအစီးရေ ၂၈၈,၁၃၀ စီး ထုတ်လုပ်နိုင်ခဲ့ပြီး မတ်လတွင် အစီးရေ ၁၀၀,၉၈၆ စီး တိုးလာပါကြောင်း ၎င်းကဆိုပါသည်။

မော်တော်ကား တင်ပို့ရန်အတွက် အလားအလာကောင်းများရှိနေသော်လည်း သြစတြေးလျသို့တင်ပို့ရာတွင် ပြဿနာ ကြုံတွေ့နေရပါကြောင်း၊ ယင်းပြဿနာမှာ သြစတြေးလျအာဏာပိုင်များက ထိုင်းနိုင်ငံမှ တင်ပို့ခဲ့သည့် မော်တော်ကားများ ကြားတွင် ပန်းရိုင်းမျိုးစိတ်များ ရှာဖွေတွေ့ရှိခဲ့ပါကြောင်း၊ ထို့ကြောင့် မော်တော်ကားထုတ်လုပ်သူများက ဆိပ်ကမ်း၌ကားများကို ဆေးကြောသန့်စင်သည့် ကုန်ကျစရိတ်များကို ကျခံရပါကြောင်း၊ ယင်းကုန်ကျစရိတ်များနှင့် လျှပ်စစ်ဓာတ်အားခတို့ကို စုပေါင်း၍ မော်တော်ကားရောင်းဈေးကိုမြှင့်တင်ရန် ကားထုတ်လုပ်သူများက စဉ်းစားနေပါကြောင်း ၎င်းကဖြည့်စွက် ပြောကြားခဲ့ပါသည်။

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

**Source:** www.bangkok.com

https://myantrade.gov.mm/article/Naypyitawstp_270420231108

## လက်ရှိ နိုင်ငံတကာငွေကြေးစနစ်တွင် တရုတ်ယွမ်ငွေ (RMB) ၏ လွှမ်းမိုးမှုတိုးလာ

လက်ရှိ နိုင်ငံတကာငွေကြေးစနစ်တွင် တရုတ်ငွေကြေး ယွမ် (renminbi– RMB) ၏ လွှမ်းမိုးမှုသည် တိုးလာကြောင်း Economic Daily ဝက်ဘ်ဆိုက်က ၂၄-၄-၂၀၂၃ ရက်နေ့တွင် ဖော်ပြခဲ့ကြောင်း၊ တရုတ်ကမ်းလွန်ရေနံလုပ်ငန်း (China National Offshore Oil Corporation–CNOOC) နှင့် ပြင်သစ် စွမ်းအင်ကုမ္ပဏီ Total Energies တို့သည် သဘာဝဓာတ်ငွေ့ရည် ကုန်သွယ်မှုအတွက် တရုတ်ယွမ်ငွေဖြင့် ပထမဆုံးငွေပေးချေမှုကို မကြာသေးမီက အပြီးသတ်ခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နှစ်နိုင်ငံဗဟိုဘဏ်များအကြား သဘောတူညီမှုရရှိခဲ့ပြီးနောက် ဘရာဇီးလ်နိုင်ငံသည် ယွမ်ငွေဖြင့် ငွေပေးချေမှု ဆောင်ရွက်ခွင့်ရှိသည့်ဘဏ်ကို ခန့်အပ်ခြင်းနှင့်အတူ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများကို ယွမ်ဖြင့် လက်ခံရန် ကြေညာခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ ယွမ်ဖြင့် နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုပမာဏသည် ၂၀၂၂ ခုနှစ်တွင် ယွမ် (၄၂) ထရီလီယံ (အမေရိကန်ဒေါ်လာ ၆.၀၉ ထရီလီယံ) ကျော်လွန်ခဲ့ပြီး ၂၀၁၇ ခုနှစ်ထက် (၃)ဆ တိုးလာကြောင်း ကိန်းဂဏန်း အချက်အလက်များအရ သိရှိရပါသည်။

လက်ရှိတွင် တရုတ်ယွမ် (RMB) သည် နိုင်ငံတကာငွေပေးချေမှုများအတွက် ပဉ္စမမြောက်အသုံး အများဆုံးငွေကြေး၊ ပဉ္စမမြောက်နိုင်ငံတကာ အရန်ငွေကြေးနှင့် IMF ၏ IMF's Special Drawing Rights တွင် တတိယမြောက်အဖြစ် ရပ်တည်လျက်ရှိကြောင်း သိရှိရပါသည်။ ထို့အပြင် နယ်စပ်ဖြတ်ကျော်ငွေပေးချေမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့်ဘဏ္ဍာငွေ၊ နိုင်ငံခြားအရန်ငွေအဖြစ် အသုံးပြုခြင်းနှင့် တန်ဖိုးသတ်မှတ်ခြင်းကဲ့သို့ နိုင်ငံတကာငွေကြေးအဖြစ် ယွမ် (RMB) ၏ လုပ်ဆောင်ချက်များသည် ကဏ္ဍစုံတွင် အားကောင်းလျက်ရှိကြောင်း သိရှိရပါသည်။

ယွမ်ငွေရှင်းလင်းရေးဘဏ်များနှင့် ဒေသသုံးငွေကြေးဖြင့် ငွေပေးချေမှုကွန်ရက်များ တည်ထောင်ခြင်း၊ ယွမ် (RMB)၏ ပြည်ပဈေးကွက် ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ပြည်တွင်းဘဏ္ဍာရေးဈေးကွက်များ ဖွင့်ပေးလိုက်ခြင်းနှင့် လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း တရုတ်နိုင်ငံ၏ဘဏ္ဍာရေး အဖွဲ့အစည်းများ၏ ပြည်ပတွင် လုပ်ငန်းဆောင်ရွက်မှုပုံစံကို စဉ်ဆက်မပြတ်တိုးတက်စေခြင်းတို့ကြောင့် ယွမ် (RMB) သည် နိုင်ငံတကာ အသုံးပြုမှုအတွက် အချိတ်အဆက်များရရှိခဲ့ကြောင်း သိရှိရပါသည်။

တစ်ချိန်တည်းတွင် တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအရှိန်နှင့် တရုတ်ဘဏ္ဍာရေးဈေးကွက်ကို ထပ်မံဖွင့်လှစ်လိုက်ခြင်းတို့ကြောင့် ယွမ် (RMB) ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်လုပ်ငန်းများ တဖြည်းဖြည်း တိုးလာခဲ့ကြောင်း သိရှိရပါသည်။ ထို့အပြင် နိုင်ငံတကာ ပထဝီဝင်နိုင်ငံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပတ်ဝန်းကျင် ပြောင်းလဲမှုများနှင့်အတူ နိုင်ငံတကာငွေကြေးစနစ် ဖွံ့ဖြိုးတိုးတက်မှုသည်လည်း ပိုမိုကွဲပြားလာကြောင်း သိရှိရပါသည်။

သို့ပါ၍ တရုတ်နိုင်ငံအနေဖြင့် ယွမ်ငွေကို နိုင်ငံတကာသုံးငွေကြေးအဖြစ် ပိုမိုခိုင်မာအားကောင်းလာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နောင်တွင် နိုင်ငံတကာကုန်သွယ်မှုတွင် ယွမ်ဖြင့်ပေးချေခြင်းများကို ယခုထက်ပိုမိုအသုံးပြုလာမည့် အလားအလာများရှိနေကြောင်း၊ နိုင်ငံတကာ ကုန်သွယ်မှုတိုးချဲ့ခြင်းနှင့် ယွမ်ကို နိုင်ငံတကာသုံးငွေကြေးအဖြစ် ဆောင်ရွက်ခြင်းများသည် အပြန်အလှန်အကျိုးပြုနေပြီး တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို အဓိကအထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

(စီးပွားရေးသံမှူး၊ နန်နင်း)

**Source:** http://global.chinadaily.com.cn/a/202304/24/WS6445e4d9a310b6054facf5fe.html

https://myantrade.gov.mm/article/Naypyitawstp_260420231120

## ထိုင်း–တရုတ် ပထမဆုံး ဒူးရင်းရထား ဆောလျင်စွာ ဆိုက်ရောက်

ထိုင်းနိုင်ငံ မက်တပွတ်မှ တရုတ်နိုင်ငံ ကွမ်ကျိုသို့ ခုတ်မောင်းသော "ဒူးရင်း" ရထားသည် ထိုင်းနိုင်ငံမှ တရုတ်နိုင်ငံသို့ သစ်သီးများပို့ဆောင်ရန် ကြာချိန် အတိုတောင်းဆုံး စံချိန်သစ်ကိုတင်လိုက်သည်။

ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီ Pan–Asia Silk Road Ltd (PAS) က ၎င်း၏ ဒူးရင်း အအေးပေး ကွန်တိန်နာ ၂၅ လုံးကို

တင်ဆောင်လာသော ကုန်တင်ရထားသည် သတ်မှတ်ရက်ထက် ၁၂ ရက် စောပြီး ကွမ်ကျိုးဘူတာရုံသို့ တနင်္ဂနွေနေ့ (ဧပြီ ၂၃) ည ၉ နာရီ ၂၀ တွင် ဆိုက်ရောက်ခဲ့ကြောင်း ထုတ်ပြန်ကြေညာသည်။ ထိုင်းနိုင်ငံ ရယောင်းပြည်နယ် ရေနက်ဆိပ်ကမ်းမြို့ မက်တပွတ်ဘူတာမှ ဗုဒ္ဓဟူးနေ့ မနက်တွင် ၎င်းဒူးရင်းရထား စတင် ထွက်ခွာခဲ့သည်။

ခရီးမိုင် ၃,၄၅၃ နှင့်ပြီး နွံခိုင်ပြည်နယ်နှင့် လာအိုနိုင်ငံတို့ကို ဖြတ်သန်းပြီး တရုတ်နိုင်ငံသို့ ယူနန်ပြည်နယ် မိုဟန်စစ်ဆေးရေးပွိုင့်မှ ဝင်ရောက်သည်။ ထို့နောက် ကွမ်ကျိုးသို့ ခရီးဆက်သည်။ ၅ ရက်ကြာ ခရီးစဉ်ကို ၄ ရက်ခွဲဖြင့် ဆိုက်ရောက်ခဲ့သည်။ လမ်းခရီးတွင် မိုဟန်မှ ထွက်ခွာပြီးနောက် စနေနေ့တွင် ကူမင်းဘူတာရုံမှာ ရထားဆိုက်ခဲ့သည်။ ထို့နောက် ကွမ်ကျိုးသို့ တောက်လျှောက် မရပ်မနား ခုတ်မောင်းခဲ့သည်ဟု PAS က ပြောကြားသည်။ "လေးရက်ခွဲကြာတဲ့ စံချိန်က တရုတ်နိုင်ငံကို သစ်သီးသယ်ပို့တဲ့ ယခင်စံချိန်ဟောင်းကို စံချိန်ချိုးလိုက်ပါတယ်။ ကားလမ်းမှ ပို့ဆောင်တာထက် ၂ ဆ မြန်တယ်။ သင်္ဘောဖြင့် ပေးပို့တာထက် ၃ ဆ မြန်ပါတယ်" ဟု PAS က ပြောကြားသည်။ "လေကြောင်းကုန်စည်ဖြင့် တင်ပို့ရင် ပိုမြန်ပေမဲ့ ပို့ဆောင်ခ ပိုဈေးကြီးပါတယ်" ဟု PAS က ပြောကြားသည်။

"ထို့ကြောင့် PAS ၏ ထိုင်း-လာအို-တရုတ် ကုန်စည်ပို့ဆောင်ရေးလမ်းကြောင်းသည် တရုတ်နိုင်ငံသို့ သစ်သီးဝလံ တင်ပို့မှုတွင် အလျင်မြန်ဆုံး၊ အသက်သာဆုံးနှင့် စိတ်အချရဆုံးဖြစ်သည်ဟု ကောက်ချက်ချနိုင်ပါသည်" ဟု PAS ကြေညာချက်တွင် ဖော်ပြထားသည်။

၎င်းဒူးရင်းရထားသည် PAS နှင့် ၎င်း၏လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသည့်

- China Railway Express Co Ltd
- Guangzhou Communications Investment Group Co Ltd,
- Laos-China Railway Co Ltd
- Shenzhen Eternal Asia Supply Chain Co Ltd
- Vientiane Logistics Park
- State Railway of Thailand
- PTT Plc
- Oriental Merchant Express Co Ltd
- Asia Express Logistics Co Ltd တို့က ပြေးဆွဲသည့် ထိုင်း-လာအို-တရုတ် ကုန်စည်ပို့ဆောင်ရေးလမ်းကြောင်းသစ်တွင် ပထမဆုံးရထားဖြစ်သည်။

ဒူးရင်း၊ သရက်သီးနှင့် အေးခဲပင်လယ်စာများ တရုတ်ပြည်သို့ ထိုင်းမှတင်ပို့သူများကြားတွင် အနှစ်သက်ဆုံးလမ်းကြောင်း မကြာမီတွင်ဖြစ်လာတော့မည်ဟု PAS က ပြောကြားသည်။ ထို့ပြင် တရုတ်နိုင်ငံမှ ကုန်ပစ္စည်းများကို ထိုင်းသို့တင်သွင်းသည့် သူများကြားတွင်လည်း အနှစ်သက်ဆုံးလမ်းကြောင်းဖြစ်လာလိမ့်မည်ဟု PAS က ပြောကြားသည်။

PAS သည် မေလတွင် ထိုင်း-လာအို-တရုတ် ကုန်စည်ပို့ဆောင်ရေးရထားကို နေ့စဉ် စတင်ပြေးဆွဲသွားမည် ဖြစ်ကြောင်း၊ ခရီးစဉ်တွင် ကူမင်း၊ ချုံကင်းနှင့်ကွမ်ကျိုးမြို့များတွင် ရထားများ ခရီးတစ်ထောက်ရပ်နားမည်ဖြစ်ကြောင်း PAS က ပြောကြားသည်။ PAS တွင် လတ်ဆတ်သစ်သီးဝလံများ တင်ပို့ရန် အအေးပေး "reefer" ကွန်တိန်နာလုံးရေ အနည်းဆုံး ၁,၀၀၀ ရှိသည်။

တရုတ်နိုင်ငံမှ တင်သွင်းသည့် ဓာတုဓာတ်မြေသြဇာများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းများ၊ အီးကောမတ်စ် ပစ္စည်းများအစရှိသည်တို့ကို ရထားအပြန်ခရီးတွင် သယ်ဆောင်လာမည်ဖြစ်သည်။ ၎င်းကုန်စည်များသည် ထိုင်းနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများသို့ တရုတ်နိုင်ငံမှ တင်ပို့သည့်ပို့ကုန်များဖြစ်သည်။

**Source: nationthailand**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/6078-thailand%E2%80%99s-%E2%80%98durian%E2%80%99-train-to-china.html

# STOCK EXCHANGE (27.4.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 27th Apr. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,726 (Shares) | 17,301,550 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,900 | -100 | -1.25% | 8,000 | 8,000 | 7,900 | 99 | 790,300 | 33,109,694 | 261,567 |
| MTSH | 00002 | 3,100 | +50 | +1.64% | 3,000 | 3,150 | 3,000 | 5,155 | 15,704,500 | 38,929,150 | 120,680 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 0 | 0 | 10,400,986 | 79,048 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,450 | 1,450 | 1,450 | 385 | 558,250 | 29,664,613 | 43,014 |
| TMH | 00005 | 2,500 | -50 | -1.96% | 2,500 | 2,500 | 2,500 | 30 | 75,000 | 12,823,224 | 32,058 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 46 | 119,600 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 11 | 53,900 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 27th Apr. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 363.06 | -1.14 | -0.31% | 363.10 | 366.41 | 363.06 | 5,726 | 17,301,550 | 7 | 639,746 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 27th Apr. 2023

| Trading Volume | Trading Value |
|---|---|
| 5,726 (Shares) | 17,301,550 (MMK) |

## Main Board

As of 1:00 pm, 27th Apr. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,726 (Shares) | 17,301,550 (MMK) |

| MYANPIX | 363.06 ▼ 1.14 |
|---|---|
| Total Volume (shares) | 5,726 |
| Total Value (MMK) | 17 mil |
| Listed Company | 7 |
| Market Cap. (MMK) | 639,746 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,900 | ▼ 100 |
| MTSH | 00002 | 3,100 | ▲ 50 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,500 | ▼ 50 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |